ကျွန်မ၏လောကီ၊ လောကုတ်နှစ်ဖြာ အသိဉာဏ်တိုးတက်အောင်ကျေးဇူးပြုသူ ဆရာတော်ကြီးများထဲတွင် ဆရာတော်အရှင်ဇဝန သည်ထိပ်ဆုံးမှပါဝင်ပါသည်။ ဆရာတော်၏ဟောကြားပြသမှုကြောင့် ဝိပဿနာဘာဝနာအားမထုတ်မီ အခြေခံ သိသင့်သောအလွန်အရေးကြီးသည့် **ပညတ်၊ ပရမတ် တရား၊ ဓါတ်(၈)ပါး၊ အရှိတရား မရှိတရား၊ ခန္ဓာငါးပါး၊ ကိလေသာ(၁၀)ပါး စသည် တို့ကို ဉာဏ်ထဲတွင် ရှင်းရှင်း လင်းလင်းပြတ်ပြတ် သားသား ပိုင်ပိုင်နိုင်နိုင် သိနားလည်လာရခြင်းမှာ ဆရာတော်၏ ကျေးဇူး ပင်ဖြစ်ပါသည်။** ထို့အပြင် ပါရမီမြောက်သောဒါနဖြစ်အောင်လှူတန်းတတ်ရန်၊ ကိုယ်ကျင့် သီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲနေအောင် စောင့်ထိန်းနိုင်ရန်၊ ကိုယ်ချင်းစာတရားရင်ထဲကိန်း အောင်းလာစေရန်၊ ဆရာတော်သည် မိမိကိုယ်တိုင်စံနမူနာထားကျင့်သုံးကာ ဒကာ၊ ဒကာမများကိုလည်း ဆုံးမ သွန်သင်တော်မူပါသည်။ ဆရာတော်၏ အဆုံးအမဩဝါဒ တို့သည်ကျွန်မ၏စိတ်သဏ္ဍာန်၌ စွဲထင်ကိန်းဝပ်ကာ ထိုအဆုံးအမဩဝါဒ တို့အတိုင်း  အမြဲကြိုးစားကာ လိုက်နာကျင့်သုံးခဲ့ပါသည်။ လောကဓံရှစ်ပါးသည် မိမိ၏ စိတ်သဏ္ဍာန်၌ ကိန်းအောင်းနေသော တရားအတိမ်အနက်ကို စစ်ဆေးရာ အကောင်းဆုံး လက်နက် တစ်ခုဖြစ်ပါသည်။

ကျွန်မ မှတ်သားမိသမျှ အလွန်မှန်ကန်၍ လိုက်နာမှတ်သား၊ ကျင့်သုံးဖွယ် ဆရာတော်၏ အဆုံးအမ တစ်ချို့ကို ဖေါ်ပြချင်ပါသည်။

~ အသိတစ်ခုကိုသိရ၍ ကိလေသာများ လျော့ပါးမှ၊ ကုန်ခန်းမှမရှိလျှင် ထိုအသိသည် သညာသိ၊ စာသိ၊ဗဟုသုတသိ။ အသိတစ်ခုကိုရ၍ ကိလေသာများ လျော့ပါးမှ၊ ကုန်ခန်းမှုရှိလျှင် ထိုအသိသည် ပညာသိ၊ ခန္ဓာသိ၊ ပဋိဝေဓသိ။

~ ကြည်ညိုခြင်းသည်သုံးမျိုးရှိသည်။ မိမိကိုယ်မိမိကြည်ညိုခြင်း၊ အတူနေများကကြည်ညိုခြင်း၊ အဝေးနေပုဂ္ဂိုလ်များကကြည်ညိုခြင်း တို့ဖြစ်၏။ ထိုသုံးမျိုးတို့တွင်မိမိကိုယ် မိမိကြည်ညိုခြင်းသည်သာအရေးကြီးဆုံးဖြစ်သည်။ သူတစ်ပါးကို မကြည်ညို၍ အပြစ် မရှိ၊ အကုသိုလ်မဖြစ်။ သို့သော် မိမိကိုယ်ကိုအမှန်တစ်ကယ် မကြည်ညိုအောင်နေလျှင်ကား အပါယ်ငရဲထိ ကျတတ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်ကိုမိမိလိမ်ညာ၍မရသောကြောင့်ပင်တည်း။

~ ပညာမဲ့လူမိုက်များသည် ရလာသောလူ့ဘဝခန္ဓာကို အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဟူသောကာမဂုဏ် ခံစားဖို့အတွက်အသုံးချ၍ အပါယ်လေးပါးသို့သွားကြသည်။ ပညာရှိလူလိမ္မာများသည် ရလာသောလူ့ဘဝခန္ဓာကို ကုသိုလ်ရဖို့အတွက် အသုံးချ၍ နိဗ္ဗာန်သို့ သွားကြသည်။

~ မိမိကိုယ်မိမိ ကြည်ညိုသူများအတွက် သေခြင်းတရားသည် ချစ်စရာကောင်းသော မိတ်ဆွေသာဖြစ်သည်။ မိမိကိုယ်မိမိ မကြည်ညိုသူများအတွက် သေခြင်းတရားသည် ကြောက် စရာကောင်းသော ရန်သူသာဖြစ်သည်။

~ ငွေပေါ်များတိုင်းမလှူပါ။ သဒ္ဓါဓါတ်ပေါ်များမှသာလှူဒါန်းနိုင်သည်။ သဒ္ဓါဓါတ်ကြီးမားသူအတွက် လှူချင်စရာပစ္စည်းတွေ အမြဲတမ်းပိုနေတတ်ပေမဲ့၊ လောဘဓါတ်ကြီးမားသူ အတွက် ယူချင်စရာ ပစ္စည်းတွေ အမြဲတမ်းလိုနေတတ်ပေသည်။

~ လောကီ၊လောကုတ္တရာနှစ်ဖြာလုံး ဆုတ်ယုတ်ပျက်စီးနေသောသူမှန်သမျှသည် စိတ်၏ကျွန်။ လောကီ၊လောကုတ္တရာနှစ်ဖြာလုံး ကြီးပွါးတိုးတက် အောင်မြင်နေသော ပုဂ္ဂိုလ်မှန်သမျှသည် စိတ်၏သခင်။

~ မွေးမည့်မွေးလျှင် ကြက်များ၊ ဘဲများကိုသာမွေးသင့်သည်။ မနာလိုသောစိတ်နှင့် ဝန်တိုသောစိတ်ကို မမွေးသင့်။ အကုသိုလ်ဖြစ်တာချင်း၊ အပါယ်ကျတာခြင်းတူသော်လည်း ကြက်များ၊ ဘဲများမွေးခြင်းက ကြက်ဥ၊ ဘဲဥ စားရပြီးမှ အပါယ်ကျရ၏။ မနာလိုခြင်းနှင့် ဝန်တိုခြင်း ကိုမွေးမြူသူကား ဘာမျှမစားရဘဲ အပါယ်ကျရသောကြောင့်တည်း။

~ နိမ့်ကျသောစိတ်ဓါတ်ရှိသူတို့သည် ကဲ့ရဲ့စရာတွေလျှင် ပါးစပ်ကိုတတွတ်တွတ်နဲ့အမြဲဖွင့်ထားတတ်ပြီး ချီးမွမ်းစရာကြုံလျှင်တော့ သော့ခတ်ပြီးအသေပိတ်ထားတတ်ကြသည်။

~ မကုန်သင့်တာကို မကုန်အောင်စောင့်ရှောက်ခြင်းကို စည်းကမ်းရှိခြင်းဟုခေါ်ပြီး၊ ကုန်သင့်သုံးသင့်ပါလျက် မကုန်အောင် စိစစ်လွန်းခြင်းကို နှမြောတွန့်တိုခြင်းဟုခေါ်သည်။ စည်းကမ်းရှိခြင်းသည် လိုက်နာကျင့်သုံးသင့်ပြီး နှမျောတွန့်တိုလွန်းခြင်းသည် ရှောင်ရှားသင့်သည့်အရာဖြစ်သည်။

~ ရယူခြင်း၌ ပျော်မွေ့ခြင်းဟူသည် သမုဒယသစ္စာ တဏှာ ကိုသိမ်းပိုက်ထားခြင်းပင်ဖြစ်သည်။ ပေးဆပ်ခြင်း၌ ပျော်မွေ့ခြင်းဟူသည် သမုဒယသစ္စာ တဏှာ ကိုအကျင့်ဖြင့် ပယ်သတ်ခြင်း ပင်ဖြစ်သည်။ ဘဝသံသရာတစ်လျှောက်တွင် ရယူခြင်း၌ ပျော်မွေ့ခဲ့သူများသည် အောက်တန်းစားများဖြစ်လာရပြီး ပေးဆပ်ခြင်း၌ ပျော်မွေ့ခဲ့သူများသည် အထက်တန်းစားများဖြစ်လာကြ၏။

~ မျှော်လင့်ချက်ဖြင့်ပေးကမ်းလျှင် အမြတ်ရဖို့အရောင်းအဝယ်လုပ်ခြင်း တစ်မျိုးသာဖြစ်သည်။ မျှော်လင့်ချက်မပါပဲ ပေးကမ်းလျှင်သာ ကိလေသာကုန်ရာ နိဗ္ဗာန်ရဖို့ ဒါနပါရမီ ဖြည့်ဆည်းခြင်းဖြစ်သည်။

~ ဝေယျာဝစ္စလုပ်သူများတွင် ခိုးဝှက်စားပြီး ငရဲသို့ကျသွားသူများသည် ဟင်းမွှေသော ယောက်မ နှင့်တူ၏။ နတ်ပြည်သို့ရောက်သွားသူများသည် ဟင်းအရသာကို ခံစားသောလျှာ နှင့်တူ၏။ ယောက်မသည် ဟင်းအိုးကိုအမြဲမွှေနေရသော်လည်း ဟင်း၏အရသာကို တစ်စက် ကလေးမျှမသိ၊ ထို့အတူ တစ်ချို့ဒကာ၊ဒကာမ များသည် သူတော်ကောင်းတို့နှင့် နှစ်ပေါင်းများ စွာ အတူတူနေရသော်လည်း သူတော်ကောင်းတို့၏ တရားသည် သူတို့ရင်ထဲသို့ နှမ်းတစ်စေ့ခန့်မျှ မရောက်ပေ။ သူတော်ကောင်းစိတ်ဓါတ်တွေ တစ်စက်လေးမျှမတည်ပေ။ လျှာ သည်ဟင်းအိုးကို မမွှေရသော်လည်း တစ်စက်လောက်မြည်းလိုက်ရရင်ဖြင့် ဟင်းရဲ့ အရသာ အားလုံးကိုသိ၏။ ထို့အတူ တစ်ချို့ဒကာ၊ဒကာမ များသည် သူတော်ကောင်းတို့နှင့် တစ်ခဏတွေ့သည်နှင့် သူတော်ကောင်းတို့၏အဆုံးအမ တို့ရင်ထဲကိန်းကာ လိုက်နာကျင့်သုံး ကြကုန်၏။

~ သာမာန်လူများသည် မြင်းမိုရ်တောင်လောက်ရှိသော မိမိအပြစ်ကိုမမြင်သော်လည်း သူတစ်ပါး၏ ဖီးစေ့လောက်ရှိသောအပြစ်ကိုကား ဆီလိုအပေါက်ရှာပြီးမြင်တတ်ကြသည်။ သူတော်ကောင်းတို့ကား မိမိ၏ဖီးစေ့လောက်ရှိသောအပြစ်ကိုမြင်အောင်ကြည့်နိုင်ကြသော် လည်း သူတစ်ပါး၏ မြင်းမိုရ်တောင်လောက်ရှိသော အပြစ်ကိုကားမမြင်တတ်ကြပေ။

~ သဘောထားသေးသိမ်သောသူသည် သူတစ်ပါး၏အပြစ်ကိုသာ မြင်လေ့ရှိ၏။ သဘောထား ပြည့်ဝသောသူကား မိမိကိုယ်ကိုသာ အပြစ်မြင်တော့၏။ သဘောထားအပြည့်ဝဆုံးသူသည် ကား မည်သူ့အပေါ်မှအပြစ်မမြင်တော့ပေ။

~ လူတို့သည် ဣသာ မစ္ဆရိယ များသောကြောင့် သူတစ်ပါး၏ ကောင်းဂုဏ်ကို ချီးမွမ်းရန် အလွန်ဝန်လေးတတ်ကြသည်။ ဤအချက်ကိုထောက်၍ သူတစ်ပါး၏ကောင်းဂုဏ်ကို ချီးမွမ်း နိုင်သောပုဂ္ဂိုလ်ကိုတွေ့လျှင် ၎င်းပုဂ္ဂိုလ်သည် (၁) ဣသာ မစ္ဆရိယကို မဂ်ဉာဏ်ဖြင့်ပယ်သတ် ပြီးသော အရိယာသော်လည်းဖြစ်ရမည်။ (၂) ပင်ကိုယ်ဗီဇကပင် ဣသာ မစ္ဆရိယ ပါးရှားသော နလုံးဖြူ အူစင်း ပုဂ္ဂိုလ်သော်လည်းဖြစ်ရမည်။ (၃) ရှိနေသော ဣသာ မစ္ဆရိယကို ဖြစ်ပေါ် မလာအောင် အသိဉာဏ်ချွန်းဖြင့် အုပ်ထားနိုင်သော ပညာရှိသူတော်ကောင်း တစ်ယောက် သော်လည်းဖြစ်ရမည်။ ဟုဆုံးဖြတ်ချက်ချနိုင်ပါသည်။

~ အဝိဇ္ဇာ၊ တဏှာ မိဘနှစ်ပါးမှ မွေးဖွါးလာသော ဣသာ သည် မစ္ဆရိယ နှင့် အမွှာပူးဖြစ်၏။ မိမိတို့၏ စိတ်၌ ပရိယုဋ္ဌာန ကိလေသာတစ်ခုဖြစ်လာပြီဆိုလျှင် ထိုကိလေသာကို ဟုတ်တိုင်း မှန်စွာ မသိမြင်နိုင်ပါက(ဝါ) ဝိပဿနာ မရှုနိုင်ပါက ဝီတက္ကမကိလေသာ အဖြစ်သို့ရောက်တတ် ပါသည်။ (ဝါ) ကာယကံ၊ ဝစီကံ တို့ဖြင့်၎င်း၏အသွင်ကို ထင်ရှားပြတတ်ပါသည်။

ဣသာ ၏ထင်ရှားသောကာယကံမှာ ချောင်းမြောင်းလုပ်ကြံခြင်း သဘောမျိုးဖြစ်၍ ထင်ရှားသော ဝစီကံမှာ အတင်းပြောခြင်းသဘောမျိုးဖြစ်ပါသည်။ ထေ့ခြင်း၊ ငေါ့ခြင်း၊ နောက်သလိုပြောင်သလိုနှင့် ဘုတောခြင်းများသည်လည်း ဝစီကံမြောက်ခြင်းဖြစ်ပါသည်။ မည်သို့သော အသွင်ဖြင့်ထင်ရှားပြသည်ဖြစ်စေ၊ ထိုသို့ပြခြင်းသည် မိမိ၌ဖြစ်နေသော ဣသာ ကိုမိမိဘာသာ မသိကြောင်းဝန်ခံနေသည့် သဘောဖြစ်ပါသည်။

~ ဝိပဿနာမရှုနိုင်သော၊ ပညာရှိတို့ကား မိမိတို့၏ ဣသာကို ထင်ရှားမပြကြ။ မထင်မရှားပြကြပါသည်။ ပညာရှိတို့၏ထုံးစံအတိုင်း ဘီးလူးဖြစ်ပါလျက် မင်းသားခေါင်းစွပ်ပြီးထွက်တတ်ကြသည်။ ထွက်ပုံမှာ သူတစ်ပါး၏အပြစ်ကိုထောက်ပြခြင်းဖြစ်သည်။ ထိုသို့ အမှားကိုထောက်ပြလိုက်ခြင်းသည် ထိုထောက်ပြခံရသူသည် မိမိလောက်အရည်အချင်းမပြည့်ဝကြောင်း၊ မိမိသာလျှင်ပြည့်ဝကြောင်း အများကထင်လာအောင် ဖန်တီးလိုက်ခြင်းဖြစ်သည်။

~ မိမိကိုယ်မိမိ မှန်ကန်ကြောင်းအထပ်ထပ် သက်သေပြနေရပြီဆိုလျှင် မှားနေပြီဟုသိလိုက်ပါ။

~ ထူးခြားတဲ့ တရားအသိလေးတစ်ခုကို သိလိုက်ရရင် ဒီထူးခြားတဲ့ တရားအသိလေးကို ငါသာသိတာ၊ တစ်ခြားသူတွေမသိသေးဘူးလို့ တွေးလိုက်တာနဲ့ မာန က ကိုယ့်ဂုတ်ပေါ်မှာ ကိုယ်မသိခင် ခွစီးပြီးသားဖြစ်နေပြီ။ မာန ဟာ ရဟန္တာကျမှ အမြစ်ပြတ်ပယ်တာမို့ အင်မတန်နယ်ကျယ်ပြီး သိမ်မွေ့တယ်။ အထူးသတိထားရတယ်။

~ အဖွဲ့အစည်းတစ်ခု ညီညွတ်ဖို့အတွက် ပထမဆုံးလိုအပ်ချက်က တစ်ယောက်နဲ့တစ်ယောက်မြင်ရင် ချစ်ခင်တဲ့မျက်စိနဲ့ကြည့်ဖို့ပါပဲ။ ရန်လိုတဲ့မျက်စိ၊ အထင်သေးတဲ့မျက်စိ နဲ့ ချိုကြည့်မကြည့်မိဖို့ အင်မတန်အရေးကြီးပါတယ်။  ဒုတိယအချက်ကတော့ လုပ်စရာ ကိုင်စရာရှိရင် သူ့အလုပ်၊ ငါ့အလုပ် လို့ခွဲခြားမနေပဲ ဦးတဲ့သူက လုပ်ထားဖို့လိုပါတယ်။ တတိယအချက်ကတော့ ကံ(၃)ပါးလုံးမှာ မေတ္တာတရားထုံမွှမ်းထားပြီး ငါတို့တစ်တွေ အတူနေထိုင်ခွင့်၊ လုပ်ကိုင်ခွင့် ရတာ အရတော်ပေစွ ဆိုပြီး ဝမ်းသာတတ်ဖို့လိုပါတယ်။ မနောကံလို့ခေါ်တဲ့ စိတ်ထဲမှာလည်း မေတ္တာဓါတ်တွေ အမြဲတမ်းပွါးနေရမယ်။ ဝစီကံလို့ခေါ်တဲ့ နှုတ်မှာလည်း စကားပြောတိုင်း တစ်ဖက်သားစိတ်ချမ်းသာမယ့် စကားလုံးမျိုးကို ရွေးချယ်တတ်ဖို့လိုပါတယ်။ တစ်ဖက်သားရဲ့ကောင်းသော လုပ်ကိုင်မှုအပေါ် ချီးမြောက်ပြီး၊ လိုအပ်မှုရှိခဲ့ရင်လည်း တစ်ဖက်သား လက်ခံနိုင်မယ့် စကားလုံးများနဲ့ရှင်းပြတတ်ဖို့လိုပါတယ်။ စတုတ္ထမြောက်အချက်ကတော့ အဖွဲ့အစည်း ညီညွတ်စေချင်ရင် မိမိဆန္ဒ ကိုဘယ်တော့မှရှေ့တန်းမတင်ပဲ ကျန်တဲ့လူတွေရဲ့ဆန္ဒကိုပဲ ရှေ့တန်းတင်ရပါမယ်။

~ တစ်ကယ့်သူတော်ကောင်းမှန်သမျှဟာ မကောင်းတဲ့လောကဓံနဲ့ တွေ့တဲ့အခါ ဒေါသ မဖြစ်အောင် သည်းခံနိုင်သလို၊ ကောင်းတဲ့လောကဓံနဲ့ တွေ့တဲ့အခါလည်း လောဘ မဖြစ်အောင် သည်းခံနိုင်ကြပါတယ်။ ပညာလည်းရှိပါမှ၊ သူတော်ကောင်းလည်းဖြစ်ပါမှသာ သည်းခံနိုင်တာပါ။ ဘုရားအလောင်းတော်များဖြည့်ဆည်းရတဲ့ ပါရမီ(၁၀)ပါးထဲမှာ ခန္တီပါရမီ ပါတာကို ထောက်သောအားဖြင့် သည်းခံတယ်ဆိုတာ အထက်တန်းကျတဲ့ ပညာရှိသူတော်ကောင်းတွေရဲ့ကျင့်စဉ်ဆိုတာထင်ရှားပါတယ်။

~ မကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ။ ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် မပေါင်းနိုင်စရာ ပုဂ္ဂိုလ်တစ်ယောက်မှမရှိ။

~ ဘုရား၊ ကစ္ဆေကဗုဒ္ဓါ အပါအဝင် အရိယာသူတော်စင်တွေဟာ မီးနဲ့တူတယ်။ မီးဟာ အသုံးပြုတတ်ရင်ကောင်းကျိုးများစွာရပြီး အသုံးမပြုတတ်ရင် တစ်ရွာလုံး တစ်မြို့လုံးပြာကျအောင် လောင်ကျွမ်းတတ်သလို သူတော်ကောင်းများကိုလည်း ဆည်းကပ် ကိုးကွယ်မယ် ကြည်ညိုမယ်ဆိုရင် ကောင်းကျိုးအနန္တ ရနိုင်သလို၊ မရိုမသေပြုလုပ်မယ် စော်ကားမော်ကား ပြုလုပ်မယ်ဆိုရင်လည်း မ ကောင်းကျိုးအနန္တ ရနိုင်ပြန်ပါတယ်။

~ ပါရမီ ဆိုတာမြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေရဲ့အလုပ်လို့ပြောတာပါ။ အထက်တန်းကျ စိတ်ထားမြင့်မြတ်သူတွေသာ ပါရမီတွေကို ဖြည့်ဆည်းနိုင်တာပါ။ အောက်တန်းကျပြီး စိတ်ထားယုတ်နိမ့်တဲ့ ပုဂ္ဂိုလ်တွေ မလုပ်နိုင်ပါဘူး။

~ လိုချင်လျှင် ဆင်းရဲသည်။ မလိုချင်လျှင် ချမ်းသာသည်။

~ ရတနာ(၃)ပါးအား ထိခြင်းငါးပါးဖြင့် ရှိခိုးရ၏။ ထိခြင်းငါးပါးကား-

(၁) ခြေဖြင့်ကြမ်းပြင်ကိုထိခြင်း။
(၂) ဒူးဖြင့်ကြမ်းပြင်ကိုထိခြင်း။
(၃) တစ်တောင်ဖြင့်ကြမ်းပြင်ကိုထိခြင်း။
(၄) လက်ဖြင့်ကြမ်းပြင်ကိုထိခြင်း။
(၅) နဖူးဖြင့်ကြမ်းပြင်ကိုထိခြင်း။

မေတ္တာဖြင့်
စီစီချိုသန်း
ဂျူလိုင်လ(၂၅)ရက်၊၂၀၀၉